# မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှု

လူတိုင်းသည် ဘေးကင်းလုံခြုံမှုကို ခံစားပိုင်ခွင့် ရှိပါသည်။ မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုသည် လက်ခံနိုင်ဖွယ် မရှိပါ။

## မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မည်သည်နည်း

မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ အကြမ်းဖက်သော၊ ခြိမ်းခြောက်သော၊ ထိန်းချုပ်သော သို့မဟုတ် သင်နှင့် သင့်ကလေးများကို ကြောက်ရွံ့စေပြီး ဘေးကင်းလုံခြုံမှုမရှိဟု ခံစားရစေသော မည်သည့်အပြုအမူမျိုး ကိုမဆို ဆိုလိုပါသည်။

ဤအပြုအမူသည် အသက်အရွယ်၊ ကျားမ သို့မဟုတ် လိင်စိတ် မခွဲခြားဘဲ မည်သည့်ပေါင်းသင်းဆက်ဆံရေးတွင် မဆို ဖြစ်ပွားနိုင်ပါသည်။ ၎င်းသည် အောက်ပါတို့တွင် ဖြစ်နိုင်ပါသည်-

- လက်ရှိ သို့မဟုတ် ယခင် ပေါင်းသင်းဆက်ဆံရေးများတွင်
- မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများအကြား
- စောင့်ရှောက်သူများနှင့် အုပ်ထိန်းသူများအကြား

အောက်ပါတို့ကို ပြုလုပ်သူတို့အား မည်သည့်အခါမျှ လက်ခံနိုင်ဖွယ် မရှိပါ -

- သင်နှင့် သင့်ကလေးများအား ကြောက်ရွံ့စေပြီး ဘေးကင်းလုံခြုံမှုမရှိဟု ခံစားရစေခြင်း
- သင့်အပေါ် အကြမ်းဖက်ပြုမူခြင်း
- သင့်အား မိတ်ဆွေများ သို့မဟုတ် မိသားစုဝင်များနှင့် ဝေးကွာစေခြင်း
- သင့်ငွေကြေးအား အသုံးမပြုနိုင်အောင် တားမြစ်ခြင်း
- သင့်နေထိုင်ခွင့် ပယ်ဖျက်မည်ဟု ခြိမ်းခြောက်ခြင်း
- သင်၏ဘာသာရေး လိုက်နာယုံကြည်မှုအား ထိန်းချုပ်ခြင်း။

## ရရှိနိုင်သော အကူအညီများ

သင်သည် မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဒဏ်ကို ခံစားနေရပါက အကူအညီပေးနိုင်ပါသည်။

ကျွန်ုပ်တို့ထံမှ ငွေကြေးထောက်ပံ့မှု ရနိုင်မနိုင် စစ်ဆေးပေးပါမည်။ ဤအထောက်အပံ့သည် ဝင်ငွေထောက်ပံ့မှု သို့မဟုတ် a Crisis Payment (ကျပ်တည်းချိန်ထောက်ပံ့ငွေ) ဖြစ်နိုင်ပါသည်။ သင်တို့သည် ကြောက်ရွံ့နေခြင်း

သို့မဟုတ် ဘေးကင်းရေးအတွက် စိုးရိမ်နေရပါက ကလေးထောက်ပံ့ကြေးရယူရန် သို့မဟုတ် ကလေးထောက်ပံ့ကြေးမှ ကင်းလွတ်ခွင့်ရရှိရန်လည်း ကူညီပေးနိုင်ပါသည်။

သင့်အား လူမှုဝန်ထမ်းတစ်ဦးနှင့် ဆွေးနွေးနိုင်ရန် စီစဉ်ပေးနိုင်ပါသည်။

ကျွန်ုပ်တို့၏ လူမှုဝန်ထမ်းများသည် အောက်ပါတို့နှင့် ပတ်သက်သော အကြံဉာဏ်နှင့် သတင်းအချက်အလက်များ ပေးနိုင်ပါသည်-

- သင့်တွင် ရှိသော ကျွန်ုပ်တို့၏အကြွေးများအပါအဝင် ကျွန်ုပ်တို့၏ ငွေကြေးထောက်ပံ့မှုများနှင့် ဝန်ဆောင်မှုများ
- ဥပဒေရေးဆိုင်ရာလုပ်ငန်းများ
- မိသားစုနှင့် အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများ
- အရေးပေါ်နေရာထိုင်ခင်းစီစဉ်မှုများ။

သင့်ဘာသာစကားဖြင့် စကားပြောဆိုရန် Centrelink ဘာသာစုံ ဖုန်းလိုင်း **131 202** သို့ ဖုန်းခေါ် နိုင်ပါသည်။ ဤဖုန်းလိုင်းအား တနင်္လာမှ သောကြာ နံနက် 8 နာရီမှ ညနေ 5 နာရီအထိ ခေါ် နိုင်ပါသည်။

သင်သည် service centreသို့လည်း သွားနိုင်ပါသည်။

ကျွန်ုပ်တို့နှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် သင့်အတွက် ပိုမိုလွယ်ကူစေရန်အတွက် ဘာသာစကား 200 ကျော်ဖြင့် အခမဲ့ စကားပြန်နှင့် ဘာသာပြန်လုပ်ငန်းများကို ပံ့ပိုးထားပါသည်။ ကျွန်ုပ်တို့ထံ သင် ဖုန်းခေါ်သည့်အခါ သို့မဟုတ် လာရောက်တွေ့ဆုံသည့်အခါ စကားပြန်လိုအပ်ပါက ကျွန်ုပ်တို့အား အသိပေးပါ၊ အခမဲ့ စီစဉ်ပေးပါမည်။

ငွေကြေးထောက်ပံမှု သို့မဟုတ် ဝန်ဆောင်မှုကို လျှောက်ထားသည့်အခါ သင်ဖြစ်ကြောင်းအတည်ပြုချက် ကဲ့သို့သော စာရွက်စာတမ်းများကို တောင်းခံနိုင်ပါသည်။ ထိုစာရွက်စာတမ်းသည် အင်္ဂလိပ်စာဖြင့် မဟုတ်ပါက၊ အခမဲ့ ဘာသာပြန်ပေးပါသည်။ သင် ဖုန်းခေါ်သည့်အခါ သို့မဟုတ် လာရောက်တွေ့ဆုံသည့်အခါ စာရွက်စာတမ်း ဘာသာပြန်ရန် လိုအပ်ကြောင်းသာ ပြောပြပါ။

စကားပြန်များ၊ ဘာသာပြန်များသည် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာသောကြောင့် သင့်ကိုယ်ရေးအကြောင်းကို မည်သူ့ကိုမျှ မပြောပြနိုင်ပါ။

24 နာရီ 7 ရက်ပတ်လုံး အကြံဉာဏ်နှင့်အထောက်အကူများ ရယူရန် 1800RESPECT ဖုန်း **1800 737 732** ကိုခေါ်ပါ။ သင်သည် စကားပြန် တောင်းခံနိုင်ပါသည်။

# Family and domestic violence

Everyone has the right to feel safe. Family and domestic violence is not okay.

## What is family and domestic violence

Family and domestic violence is any behaviour that is violent, threatening, controlling or makes you or your children feel scared and unsafe.

This behaviour can happen in any type of relationship regardless of age, gender or sexuality. It may be:

- in current or past relationships
- with family members and relatives
- with carers and guardians

It is never okay for anyone to:

- make you or your children feel scared and unsafe
- be violent against you
- keep you away from your friends or family
- not let you have your money
- threaten to get your visa cancelled
- control the way you practice your religion.

## What help is available

We can help if you are affected by family and domestic violence.

We will check if you can get payment from us. This may be an income support payment or a Crisis Payment. We can also help you collect child support or get an exemption from child support if you are scared or worried about your safety.

We can arrange for you to speak with a social worker.

Our social workers can give you counselling and information about:

- our payments and services, including if you have a debt with us
- legal services
- support services for family and domestic violence
- emergency accommodation.

You can call the Centrelink multilingual phone line on **131 202** to speak with us in your language. This line is open 8 am to 5 pm Monday to Friday.

You can also visit a service centre.

We have free interpreter and translation services in over 200 languages to make it easier for you to deal with us. Let us know if you need an interpreter when you call or visit us, and we will arrange one for free.

When you claim a payment or service we might ask you for documents, like proof of identity. If the document is not in English, we can translate it for free. Just tell us you need a document translated when you call or visit us.

Interpreters and translators follow a code of ethics, so they can not tell anyone your personal information.

To access 24/7 counselling and support, call 1800RESPECT on **1800 737 732**. You can ask for an interpreter.